

## စာရေးသူ ရိုဟာန် ဂူနာရတ်နာ

စာရေးသူ ရိုဟာန် ဂူနာရတ်နာသည် လက်နက်ကိုင် ပဋိပက္ခနှင့်ပတ်သက်သောစာအုပ်(၆)အုပ်ကို ရေးသားခဲ့သူဖြစ်ပြီး စက်တင်ဘာ(၁၁)ရက် တိုက်ခိုက်ခံရမှုအပြီးတွင် ကုလသမဂ္ဂ၊ အမေရိကန်ကွန်ဂရက်၊ ဗြိတိသျှပါလီမန် တို့တွင် လာရောက်ဟောပြောရန် ဖိတ်ကြားခြင်းခံရသည်။ သူသည် စကော့တလန် စိန့်အင်ဒရူးတက္ကသိုလ်တွင် အကြမ်းဖက်ဝါဒနှင့် နိုင်ငံရေးအကြမ်းဖက်မှုတို့ကို သုတေသနပြုနေသူဖြစ်ပြီး အစ္စရေးနိုင်ငံ အကြမ်းဖက်ဝါဒတန်ပြန်တိုက်ဖျက်ရေးမူဝါဒဆိုင်ရာသိပ္ပံတွင် ဂုဏ်ထူးဆောင် သုတေသီဖြစ်သည်။ သူသည် ယခင်က ကုလသမဂ္ဂ အကြမ်းဖက်ဝါဒ တားဆီးရေးဌာနတွင် စီမံကိန်းဆောက်လုပ်ရေးအကြီးအကဲ ဖြစ်ခဲ့သည့်အပြင် အစိုးရနှင့်ကော်ပိုရေးရှင်းကြီးများစွာ တွင်လည်း အတိုင်ပင်ခံလုပ်ခဲ့သည်။ ထို့အပြင် ဥရောပ၊ လက်တင်အမေရိက၊ မြောက်အမေရိက၊ အရှေ့အလယ်ပိုင်းနှင့် အာရှနိုင်ငံများတွင် အကြမ်းဖက်ဝါဒနှင့်ပတ်သက်၍ လှည့်လည်ဟောပြောမှုများ လုပ်ခဲ့သည်။ လက်ရှိ စကော့တလန်နိုင်ငံ၊ စိန့်အင်ဒရူးမြို့တွင် နေထိုင်လျက်ရှိသည်။

# မူရင်းစာရေးသူ၏အမှာ

အယ်လ်ကေဒါသည် ၂၁ ရာစုတွင် နိုင်ငံစုံအကြမ်းဖက်အဖွဲ့ တစ်ခု ဖြစ်၍ သူ့ကြောင့် ကမ္ဘာကြီးမှာ အန္တရာယ်သစ်တစ်ခုနှင့် ရင်ဆိုင်နေရပေသည်။ သမိုင်းပညာရှင်များနှင့် နိုင်ငံရေးသိပ္ပံပညာရှင်များသည် အယ်လ်ကေဒါအဖွဲ့ အကြောင်းကို သိထားသင့်ပါလျက် သူတို့က ထိုအဖွဲ့ကို လျှော့တွက်ထားကြသည်။ ခေတ်သစ်အကြမ်းဖက် ဒီရေလှိုင်းသည် ၁၉၆၈ ခုနှစ်ကစ၍ အရှေ့အလယ်ပိုင်းမှ စတင်ပေါ်လာခဲ့သော်လည်း ယခင်က အယ်လ်ကေဒါကဲ့သို့ အဖွဲ့မျိုးပေါ်ပေါက်ခဲ့ဖူးခြင်းမရှိပေ။

အယ်လ်ကေဒါသည် ကန့်ကွက်ဆန့်ပြမှု၊ တော်လှန်မှုတို့ကို ကျော်လွန်ကာ မှတ်ဆလင်ကမ္ဘာမှနေ၍ အနောက်နိုင်ငံများကို စိန်ခေါ်ခဲ့ပေသည်။ အယ်လ်ကေဒါသည် ကမ္ဘာအနံ့လှုပ်ရှားကာ ယခင်ကမည်သူမျှ စဉ်းစားမိခဲ့ခြင်း မရှိသော ပဋိပက္ခတစ်ခုကို ဖန်တီးခဲ့သည်။ ဤစာအုပ်သည် အယ်လ်ကေဒါ၏ အန္တရာယ်ကိုအသေးစိပ်ဖော်ပြထားသည်။

ကျွန်ုပ်၏စာအုပ်သည် ထိုအဖွဲ့ကမ္ဘာအနံ့ဖြန့်ကျက်နိုင်ပုံနှင့် ယင်းကို မကြာသေးမီကအထိ လျှော့တွက်ခဲ့ကြပုံများကို စေ့စေ့ဆားဆားတင်ပြထားပါသည်။ လွန်ခဲ့သည့် (၅)နှစ်အတွင်း ကျွန်ုပ်သည် အာရှ၊ ဗဟိုအာရှ၊ အာဖရိက၊ အရှေ့အလယ်ပိုင်းနှင့် အနောက်ဥရောပတို့မှ (၁၅) နိုင်ငံကျော်တွင် အယ်လ်ကေဒါအပါအဝင် အကြမ်းဖက်သမား (၂၀၀)ကျော်ကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။

၁၉၉၃ ခုနှစ်မှ ၁၉၉၅ ခုနှစ်အကြား ကျွန်ုပ် ကတ်ရှမီးယား ဒေသ နှင့် ပါကစ္စတန် နိုင်ငံများသို့ အကြိမ်ကြိမ်သွားရောက်ကာ ၁၉၈၉ ခုနှစ်တွင် အာဖဂန်မှ ဆိုဗီယက်သို့ ဆုတ်ခွာသွားသည့်နောက်ပိုင်း အာဖဂန် အာရပ်တို့ ဖြင့် အင်အားကောင်းလာသော ကတ်ရှမီးယား မူဂျာဟေဒင်အဖွဲ့များ၏ ခေါင်းဆောင်များနှင့် တွေ့ဆုံမေးမြန်းခဲ့ရာမှ အယ်လ်ကေဒါအဖွဲ့ကို စတင်စိတ်ဝင်စားလာခဲ့ပါသည်။

မကြာသေးမီက အယ်လ်ကေဒါ ခေါင်းဆောင်ပိုင်းနှင့်သာမက အဆင့်ဆင့်သော အဖွဲ့ဝင်များနှင့်ပါ ပွင့်ပွင့်လင်းလင်း စကားပြောခွင့် ရခဲ့ပါသည်။ ကျွန်ုပ်သည် အစိုးရအဖွဲ့ တော်တော်များ၏ အကြမ်းဖက်မှုဆိုင်ရာ အတိုင်ပင်ခံဖြစ်ပေရာ၊ အယ်လ်ကေဒါအဖွဲ့နှင့် အဆက်အသွယ်ရှိသူ အကျဉ်းသား၊ အချုပ်သားရှိသည့် နိုင်ငံအတော်များများမှ အာဏာပိုင်များကို ဆက်သွယ်ပြီး တွေ့ဆုံမေးမြန်းခွင့်များလည်း ရခဲ့ပါသည်။

စက်တင်ဘာ (၁၁) ရက်မတိုင်မီနှင့် ယင်းနောက်ပိုင်းလုပ်ခဲ့သည့် တွေ့ဆုံမေးမြန်းချက်များကို ဆက်စပ်ကာ အယ်လ်ကေဒါအဖွဲ့အကြောင်း ရုပ်လုံးပေါ်အောင် တင်ပြထားပါသည်။ ထို့အပြင် ထိုတွေ့ဆုံမေးမြန်းခန်းများကြောင့် အိုစမာဘင်လာဒင်သည် အယ်လ်ကေဒါနှင့် အမ်အေကေ (အာဖဂန် အကျိုး ဆောင်ဗျူရို)တို့ကို သိမ်းယူကာ ထိုအဖွဲ့များကို စတင်တည်ထောင်သူ အဇ္ဇာမ်၏ သဘောထားနှင့် ဆန့်ကျင်ကာ ထိုအဖွဲ့များအား ကမ္ဘာ့အကြမ်းဖက် တပ်ဦးအဖြစ် သွတ်သွင်းခဲ့ပုံများကိုပါ သိခဲ့ရသည်။ အယ်လ်ကေဒါ အပါအဝင် အစ္စလမ္မစ်အုပ်စုများနှင့်ပတ်သက်၍ ကျွမ်းကျင်သော အစိုးရအဖွဲ့ဝင်များနှင့်လည်း စကားပြောခွင့်ရခဲ့သည်။

အယ်လ်ကေဒါအဖွဲ့ဝင်များကို တွေ့ဆုံမေးမြန်းရာမှလည်းကောင်း၊ တယ်လီဖုန်းစကားပြောဆိုမှု အီးမေးလ်နှင့် အခြားဆက်သွယ်မှု အမြောက်အမြားကို ဖတ်ရှုခဲ့ရာမှလည်းကောင်း၊ အယ်လ်ကေဒါနှင့် ယင်း၏ မိတ်ဖက်အဖွဲ့များ ဆက်စပ်မှုကို သိခဲ့ရသည်။ ရေးရန် အချိန်ကျလာပြီဖြစ်၍တစ်ကြောင်း၊ အယ်လ်ကေဒါအဖွဲ့၏ အန္တရာယ်မှာ ကြီးမားလာသည်ဖြစ်၍တစ်ကြောင်း ရရှိသည့် အချက်အလက်များနှင့် အကြမ်းဖက်အဖွဲ့များအကြောင်းကို ကျွန်ုပ် နှစ်များစွာ လေ့လာခဲ့သည်များနှင့် ဆက်စပ်ကာ စာအုပ်ကို အပြီးသတ်ရေးခဲ့ရပါသည်။

စက်တင်ဘာ (၁၁)ရက် အကြမ်းဖက်တိုက်ခိုက်မှုဖြင့် အယ်လ်ကေဒါသည် ခေတ်မီသောနည်းများဖြင့် အန္တရာယ်ကြီးစွာပြုနိုင်ကြောင်း ပြသသွားခဲ့ သည်။ ထိုအန္တရာယ်ကို ဟန့်တားနိုင်ရန်မှာ အယ်လ်ကေဒါအကြောင်းကို ကောင်းစွာ နားလည်ထားဖို့ လိုပါသည်။ ယင်းမှာ ဤစာအုပ်၏ ရည်ရွယ်ချက် ဖြစ်ပါသည်။

ရိုဟာန်ဂူနာရတ်နာ

# မာတိကာ


| | စာမျက်နှာ |
|---|---|
| အခန်း(၁) အိုစမာဘင်လာဒင်ဆိုသောလူ | ၁ |
| - ဆရာနှင့်တပည့် | ၅ |
| - ဆရာအသစ် | ၁၇ |
| - ဆူဒန်သို့ ပြောင်းပြီ | ၂၄ |
| - သေက်မရောက် | ၃၀ |
| - ဆူဒန်မှ ခွာပြီ | ၃၉ |
| - အိုစမာနှင့် တာလီဘန် | ၄၅ |
| - သမားရိုးကျမဟုတ်သော လက်နက် | ၅၇ |
| အခန်း(၂) အယ်လ်ကေဒါအဖွဲ့အစည်း အတွေးအခေါ်နှင့် ဗျူဟာ | ၆၀ |
| - ၀၅၅ တပ်မ | ၆၈ |
| - ငွေကြေးကွန်ယက် | ၇၁ |
| - လေ့ကျင့်သင်ကြားရေး | ၈၅ |
| - နည်းဗျူဟာများ | ၈၉ |
| - သဘောတရားရေး | ၉၂ |
| အခန်း(၃) အယ်လ်ကေဒါ၏ ကမ္ဘာ့ကွန်ယက် | ၁၀၀ |
| - ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း | ၁၀၁ |
| - မြောက်အမေရိကတိုက် | ၁၁၀ |
| - ဥရောပ | ၁၂၅ |
| - ဗြိတိန် | ၁၂၇ |
| - ပြင်သစ် | ၁၃၅ |
| - နယ်သာလန် | ၁၄၂ |
| - ဘယ်လ်ဂျီယံ | ၁၄၄ |
| - အီတလီ | ၁၄၆ |
| - စပိန် | ၁၄၇ |
| - ဂျာမနီ | ၁၄၈ |
| - ဆွစ်ဇာလန် | ၁၅၁ |
| - ဘော်လ်ကန်ဒေသ | ၁၅၂ |
| - အစ္စလမ္မစ် အင်န်ဂျီအိုများနှင့် ဘော်လ်ကန်ဒေသသို့ အလှူဒါန | ၁၅၃ |
| - ကော့ကေးဆပ် | ၁၅၆ |
| - အီဂျစ် | ၁၅၉ |
| - အယ်လ်ဂျီးရီးယား | ၁၆၂ |
| - ယီမင် | ၁၆၆ |
| - အာရပ်စော်ဘွားများ ပြည်ထောင်စု | ၁၆၉ |
| - လစ်ဗျား | ၁၇၀ |
| - ဆော်ဒီ | ၁၇၁ |
| - အီရန်၊ လက်ဘနွန်၊ ဟစ္စဘိုလာ | ၁၇၅ |
| - အီရတ် | ၁၈၀ |
| - အစ္စရေးသိမ်းပိုက်နယ်မြေများ | ၁၈၁ |
| - အာဖရိက | ၁၈၄ |
| - ဆူဒန် | ၁၈၉ |
| - ဆဟာရအောက်ပိုင်း အာဖရိကဒေသ | ၁၉၄ |
| - လက်တင်အမေရိက | ၁၉၇ |
| အခန်း(၄) အယ်လ်ကေဒါ၏ စစ်မျက်နှာသစ် အာရှ | ၂၀၁ |
| - အာရှ - ပစိဖိတ်ဒေသ အယ်လ်ကေဒါကွန်ယက် | ၂၀၁ |
| - ဗဟိုအာရှ | ၂၀၃ |
| - တရုတ် | ၂၀၆ |
| - အရှေ့တောင်အာရှ | ၂၀၉ |
| - ဖိလစ်ပိုင် | ၂၀၉ |
| - ကမ္ဘာ့ကုန်သွယ်ရေး အဆောက်အအုံကို ဗုံးခွဲသူ | ၂၁၃ |
| - ဂျမာအစ္စလမ္မီယား | ၂၁၈ |
| - အင်ဒိုနီးရှား | ၂၂၀ |
| - ထိုင်း | ၂၂၄ |
| - ဂျပန်နှင့် ကိုးရီးယား | ၂၂၅ |
| - သြစတြေးလျ | ၂၂၅ |
| - ပါကစ္စတန် | ၂၂၇ |
| - အိန္ဒိယ | ၂၃၀ |
| - ဘင်္ဂလားဒေ့ရှ် | ၂၃၂ |
| အခန်း(၅) အယ်လ်ကေဒါအန္တရာယ်နှင့် နိုင်ငံတကာတုန့်ပြန်မှု | ၂၃၅ |
| - ဖြစ်ပျက်မှုအခြေအနေ | ၂၃၅ |
| - အန္တရာယ်ကိုသိနားလည်ခြင်း | ၂၃၈ |
| - အယ်လ်ကေဒါမဟာဗျူဟာ | ၂၃၉ |
| - ပျက်စီးဆုံးရှုံးမှုခန့်မှန်းခြင်း | ၂၄၂ |
| - အယ်လ်ကေဒါစိတ်ဓါတ် | ၂၄၅ |